
ပါရမီရှင်တစ်ယောက်ရဲ့
ထင်ဝိုင်းကြဲ
ဒိုင်ယာရီ
စာစဉ်–၃
Translator-Heavenly Dao Translation Sect

# အခန်း (၂၁)
# ရှေးခေတ်ကတည်းက ရှိခဲ့သော စံချိန်များကို ချိုးဖျက်ခြင်း

*

သူတော်စင်၏ စိတ်ခံစားချက်သည် အလွန်ဆိုးရွားနေ၏။

လွန်ခဲ့သော အခိုက်အတန့်လေးကပင် ကျမ်းစာဆောင်၏ ထိပ်တန်းအဆင့် သိုင်းနည်းစနစ်များကို သန့်စင်ရန် ကြိုးစားသည့် နင်းဖန်၏ မိုက်မဲမှုအပေါ် သူ ကြိတ်ပြီး ဝမ်းသာနေခဲ့သည်ပင်။ မည်မျှ ရယ်စရာကောင်းလိုက်ပါ သနည်း။

သူသည် သူ၏ တောက်ပသော အနာဂတ်ကို သူ၏လက်အစုံဖြင့် လွှင့်ပစ်နေခဲ့ခြင်းသာဖြစ်၏။

သို့သော် မျက်စိတစ်မှိတ်အတွင်းမှာပင် မြေကြီးထဲမှ ရွှေရောင်ကြာပန်းများ ပေါက်ကွဲထွက်လာပြီး ကောင်းကင်မှ မင်္ဂလာရှိသော နိမိတ်လက္ခဏာများ ကျဆင်းလာကာ မဟာတာအိုသည် တစ်ပြိုင်နက် တည်း ပွဲတင်ထပ်သွားခဲ့လေသည်။

ရိုးရိုးသားသား ပြောရလျှင် သူတော်စင်သည် မိန်းမောနေဆဲပင် ဖြစ်၏။

သူ၏ ဦးနှောက်ကို မည်မျှပင် အလုပ်ပေးစေကာမူ ကောင်းကင်ဘုံ အဆင့်မြင့် ကျင့်ကြံခြင်းသိုင်းနည်း စနစ် သုံးဆယ့်ခုနစ်ခုကို သန့်စင်ခြင်းက မည်သို့ အောင်မြင်သွားနိုင်သနည်းဆိုသည်

ကို သူ နားမလည်နိုင် ခဲ့ချေ။ ထိုကဲ့သို့ အလွယ်တကူပင်။

လုံးဝကို အဓိပ္ပာယ်မရှိလှချေ။

ထို့ထက်ဆိုးသည်မှာ နင်းဖန်၏ အောင်မြင်မှုက ယခင် ပြစ်မှုအားလုံးကို ချက်ချင်း ဖျက်ပစ်လိုက်ခြင်းပင် ဖြစ်သည်။

မဟာအကြီးအကဲ ကျီးယန်ပင်လျှင် သတ်ဖြတ်ရန် အမိန့်ကို ရုပ်သိမ်းခဲ့ပြီး သူ့အား ကိုယ်တိုင် တရား သေလွှတ်ပေးခဲ့ခြင်းဖြစ်၏။

ဂိုဏ်းတစ်ခုလုံး လွတ်လပ်သွားသည်နှင့် နင်းဖန်သည် တပည့်ခေါင်းဆောင်၏ ထိပ်ဆုံးသို့ တိုက်ရိုက် ခုန်တက်သွားမည် ဖြစ်သည်။

သူ၏ အဆင့်အတန်းသည် အခြားတပည့်တိုင်းထက် သာလွန်သွားမည် ဖြစ်၏။

ယခင်က "သူတော်စင်များ" သည်လည်း ယခုမူ နှိုင်းယှဉ်၍မရနိုင်တော့ချေ။

သူတော်စင်သည် မည်သို့ တည်ငြိမ်နေနိုင်မည်နည်း။

ထို့ပြင် ယခင်က နင်းဖန်နှင့် ပတ်သက်သည့် ကိစ္စတိုင်းသည် အချိုးအကွေ့များဖြင့် ပြည့်နှက်နေပြီး သူတော်စင်၏ တာအိုနှလုံးသားကို ဆိုးရွားစွာ တုန်လှုပ်စေခဲ့ပြီး ဖြစ်၏။

ယခုအချိန်တွင် သူသည် လုံး၀ တုန်လှုပ်နေခဲ့ပြီ ဖြစ်သည်။

သူသည် နှုတ်ခမ်းများကို တင်းတင်းစေ့ကာ အချိန်အတော်ကြာ တုံ့ဆိုင်းနေပြီးနောက် နောက်ဆုံးတွင် စကားပြောလိုက်၏။

"ဂျူနီယာညီလေးနင်းဆီမှာ…။ ပြိုင်ဘက်ကင်း

ပါရမီရှိတယ်...။ ဒီတပည့်က ပေါ့ပေါ့ဆဆ ခန့်မှန်းဖို့ မရဲပါဘူး...။"

"ဒါပေမယ့် သိုင်းလမ်းကြောင်းမှာ မွေးရာပါ ပါရမီအပြင် လူတစ်ယောက်ရဲ့ နားလည်နိုင်စွမ်း ကလည်း အဆုံးအဖြတ်ပေးပါတယ်...။"

"ဂျူနီယာညီလေးနင်းက ကောင်းကင်ဘုံအဆင့် အမြင့်ဆုံး သိုင်းနည်းစနစ်တစ်ခုကို ကျင့်ကြံနေတာ ဆိုတော့ သူ့ရဲ့ နားလည်နိုင်စွမ်းအပေါ် တောင်းဆိုမှုတွေက ပိုမြင့်မားပြီး နားလည်ဖို့ လိုအပ်တဲ့ အချိန်ကလည်း ပိုရှည်ကြာလိမ့်မယ်...။"

"ဒါကြောင့် ရုပ်ခန္ဓာကိုယ်သန့်စင်ခြင်းအဆင့်ကို ဝင်ရောက်ဖို့ သုံးရက်ထက် ပိုကြာတာက လုံးဝကို ပုံမှန်ပါပဲ...။"

သူတော်စင် စကားပြောပြီးသောအခါ အကြီးအကဲများသည် တစ်ဦးကိုတစ်ဦး ကြည့်ကာ အနည်းငယ် ခေါင်းညိတ်လိုက်ကြ၏။

ကျင့်ကြံခြင်းလမ်းကြောင်းတွင် နားလည်နိုင်စွမ်းသည် ပါရမီကဲ့သို့ပင် အရေးကြီးပေသည်။

မြင့်မားသော ပါရမီဆိုသည်မှာ ရုပ်ခန္ဓာကိုယ်သည် စိတ်ဝိညာဉ်ချီများကို သန့်စင်ရန် ပိုမိုကောင်းမွန်စွာ လိုက်လျောညီထွေဖြစ်ပြီး အဟန့်အတားများ နည်းပါးစွာ ကြုံတွေ့ရခြင်းကိုသာ ဆိုလို၏။

နားလည်နိုင်စွမ်းမှာမူ ကွဲပြားလေသည်။ ထိုစွမ်းရည်သည် ဉာဏ်ရည်ဉာဏ်သွေး၊ ဦးနှောက်စွမ်းရည်ကို ကိုယ်စားပြုပေသည်။

မကျင့်ကြံမီ ကျင့်ကြံခြင်းသိုင်းနည်းစနစ်ကို

ကိုယ်တိုင် ဦးစွာ သင်ယူရမည် ဖြစ်၏။

ဘယ်လို အသက်ရှူရမလဲ၊ သွေးကြောများက တစ်ဆင့် ချီနဲ့ သွေးတွေကို ဘယ်လို လမ်းကြောင်းပေးရ မလဲ စသည်များကို သင်ယူ ရမည် ဖြစ်သည်။

ဤသင်ယူမှု လုပ်ငန်းစဉ်သည် လူတစ်ဦးနှင့် တစ်ဦး ကွဲပြားမှုရှိလေ၏။

ထက်မြက်သော နားလည်နိုင်စွမ်း ရှိသူများ သည် အရိပ်အမြွက် အနည်းငယ်ဖြင့်ပင် နားလည်နိုင်ကြ လေသည်။

ထိုစွမ်းရည် မရှိသူများမှာမူ သိုင်းနည်းစနစ်က မည်သည့်အရာကို ဆိုလိုကြောင်း နားလည်ရန် အချိန် ကြာမြင့်စွာ လေ့လာရပေမည်ဖြစ်၏။

ထို့ကြောင့် ပါရမီနှင့် နားလည်နိုင်စွမ်းသည်

ကွဲပြားသောအရာနှစ်ခု ဖြစ်ပြီး ထိုနှစ်ခုပေါင်းစပ်မှသာ အလုံးစုံသော စွမ်းရည်ကို ဖြစ်ပေါ်စေနိုင်ပေသည်။

ယခုအချိန်တွင် နင်းဖန်သည် ကျမ်းစာဆောင်၏ ထိပ်ဆုံးထပ်သို့ ရောက်ရှိခြင်းက သူ၏ပါရမီသည် ထူးခြားကြောင်း သက်သေပြနေ၏။

ထိုသေမျိုးခန္ဓာကိုယ်သည် မည်သည့် ကျင့်ကြံခြင်းသိုင်းနည်းစနစ်နှင့်မဆို လိုက်လျောညီထွေဖြစ်ပြီး ထို ခန္ဓာကိုယ်၏ အမြန်နှုန်းမှာ ထိပ်တန်းနတ်ဘုရား သို့မဟုတ် သူတော်စင် ခန္ဓာကိုယ်များနှင့် ယှဉ်နိုင် ပေသည်။

သို့သော် သူ၏ နားလည်နိုင်စွမ်းကိုမူ မပြသရသေးချေ။

တိုက်ဆိုင်စွာပင် သူ ကျင့်ကြံနေသော

အကန့်အသတ်မဲ့ တာအိုကျမ်းစာသည် ကမ္ဘာပေါ်တွင် ပထမဆုံး သော ကောင်းကင်ဘုံအဆင့် အမြင့်ဆုံး သိုင်းနည်းစနစ်ဖြစ်ပြီး အလွန် ခက်ခဲလှ၏။

ထို့ကြောင့် သူ၏ လုပ်ရှားမှုများမှာ သွက်လက်နေပုံရသော်လည်း သူသည် လေ့ကျင့်နေစဉ်အတွင်း သင်ယူနေဆဲဖြစ်ပြီး သိုင်းနည်းစနစ်၏ အရေးကြီးသော အချက်များကို လိုက်နာနေခြင်းဖြစ်သည်။

ထိုသင်ယူမှုသည် အချိန်မည်မျှ ကြာမည်ကို မည်သူကမျှ မသိရှိချေ။

ထိုက်ရီ သူတော်စင်သည် အကြွင်းမဲ့ စကားများ မပြောခဲ့ချေ။ သူသည် ဦးစွာ နှိမ့်ချသော အနေအထားကို ယူကာ ထို့နောက် သူ၏ အမြင်

ကို ပါးနပ်စွာ ပေးခဲ့၏။

ဤသည်က အကြီးအကဲများစွာကို ကျေနပ်စေခဲ့သည်။

အထူးသဖြင့် ရှိုယိုဝေမှာ အလွန် ဝမ်းသာနေခဲ့၏။

ချွမ်းကုန်းတောင်ထိပ်၏ အရှင်သခင်အနေဖြင့် သူသည် သူတော်စင်နှင့် သူတော်စင်မိန်းမပျိုတို့နှင့် အများ ဆုံး ဆက်ဆံလေ့ရှိပြီး ကျင့်ကြံခြင်းအကြောင်း မကြာခဏ ဟောပြောပို့ချလေ့ရှိသည်။

သူတော်စင်၏ စိတ်နေသဘောထားကို သူကောင်းစွာ သိရှိထား၏။

ပါရမီရှိပြီး ကိုယ်ကျင့်တရား ကောင်းမွန်သော်လည်း၊

အမြင်ကျဉ်းမြောင်းကာ မွေးရာပါ ကြောက်တတ်ပြီး စမ်းသပ်မှု မခံရဖူးချေ။

နားလည်နိုင်ပါသည်။ ဂိုဏ်းအတွင်း ကြီးပြင်းလာပြီး လောကကို အတွေ့အကြုံယူရန် ဘယ်သောအခါမျှ အပြင်မထွက်ခဲ့ဖူးချေ။

ဂိုဏ်းက သူ့ကို အပြင်ထွက်ခွင့် မပေးခြင်းမဟုတ်ဘဲ သူကိုယ်တိုင်က ဆန္ဒမရှိခြင်းသာဖြစ်၏။

သူ၏ အမြင်တွင် ထိုက်ရီအစစ်အမှန်ဂိုဏ်း၏ သူတော်စင်တစ်ဦးအနေဖြင့် သူ့တွင် အရင်းအမြစ်များနှင့် ပါရမီရှိရာ အပြင်ဘက်တွင် အသက်အန္တရာယ် စွန့်ရန် မလိုအပ်ချေ။

ဂိုဏ်းထဲတွင် နေကာ တိတ်ဆိတ်စွာ ကျင့်ကြံပြီး အချိန်တန်လျှင် သူသည် ဂိုဏ်းချုပ်ရာထူးကို

သဘာဝကျကျ ဆက်ခံမည်ပင် ဖြစ်သည်။

အကယ်၍ သူ အပြင်ထွက်ပြီး မတော်တဆမှု ဖြင့် သေဆုံးသွားပါက သူသာလျှင် ရယ်စရာ ဖြစ်သွား ပေလိမ့်မည်။

ထိပ်တန်း အင်အားစုတစ်ခု၏ သူတော်စင်ကို မည်သူကမျှ မထိရဲဘူးဟု သူ ယူဆထားလေ၏။

သို့သော် သင် အပြင်ထွက်လိုက်သည်နှင့် မည်သည့်အရာမဆို ဖြစ်လာနိုင်ပေသည်။

အသက်စွန့်ရန် ဝန်မလေးသူများသည် သင့်နောက်ခံကို ဂရုစိုက်မည် မဟုတ်ချေ။

ဤစိတ်ဓာတ်ဖြင့် သူတော်စင်သည် အမြဲတမ်း အတွင်း၌သာ နေခဲ့၏။

ရှီယိုဝေနှင့် ဂိုဏ်းချုပ်တို့သည် ဤကိစ္စကို သီးသန့် ဆွေးနွေးခဲ့ဖူးကြသည်။

သူတော်စင်သည် ပိုမို သတ္တိရှိလာပြီး တောင်တံခါးမှ ထွက်ခွာနိုင်ရန် သူတို့ မျှော်လင့်ခဲ့ဘူးကြ၏။

ကျင့်ကြံခြင်း ကပင် ကောင်းကင်ဘုံကို အံ့တုသော လုပ်ရပ်တစ်ခု ဖြစ်သည်။

အပြင်ကမ္ဘာတွင် ရဲရင့်စွာ ရင်ဆိုင်သော ပါရမီရှင်များသည် အရင်းအမြစ်များအတွက်သာမက အသက် နှင့်သေဆုံးခြင်း အတွေ့အကြုံများအတွက်ပါ တိုက်ခိုက်ကြရ၏။

သွေးနှင့် မီးဖြင့် သန့်စင်ခြင်းမှတစ်ဆင့်သာ မဟာတာအိုကို အမှန်တကယ် လျှောက်လှမ်းနိုင်မည် ဖြစ် သည်။

ယနေ့ နင်းဖန်သည် ကြယ်တံခွန်တစ်ခုကဲ့သို့ ပေါ်လာပြီး မဟာအကြီးအကဲများက

တညီတညွတ်တည်း မျက်နှာသာပေးခြင်းကို ခံခဲ့ရ၏။

ယခု သူ၏ အဆင့်အတန်းသည် သူတော်စင်ကို ခြိမ်းခြောက်နေပြီ ဖြစ်သည်။

ရှိယိုဝေအတွက်မူ ဤသည်မှာ အလွန်ကောင်းမွန်ပေသည်။

ထိုအရာက သူတော်စင်ကို ဖိအားများ ခံစားရစေရန် လှုံ့ဆော်ပေးနိုင်ပြီး သူ၏ အားနည်းသော စိတ်ဓာတ် ကို ပြောင်းလဲပေးနိုင်ကောင်း ပြောင်းလဲပေးနိုင်ပေလိမ့်မည်။

အစောပိုင်း မေးခွန်းမှာ သူတော်စင်၏ တုံ့ပြန်မှုကို စမ်းသပ်ခြင်း ဖြစ်၏။

အကယ်၍ သူတော်စင်သာ ဒေါသထွက်ပြီး နင်းဖန် အောက်ကျနေချိန်တွင် ထပ်မံ ထိုးနှက်ရန်

ကြိုးစား ခဲ့ပါက အကြီးအကဲများ အလွန်စိတ်ပျက်သွားကြမည် ဖြစ်သည်။

သို့သော် ယခုလောလောဆယ်တွင်မူ သူတော်စင်သည် တုန်လှုပ်နေသော်လည်း တည်ငြိမ်နေဆဲ ဖြစ်၏။

သူသည် ချဲ့ကားပြောဆိုခြင်းလည်း မရှိသလို အထင်သေးခြင်းလည်း မရှိခဲ့ချေ။

ကျင့်ကြံခြင်း၏ အမှန်တရားများကိုသာ သူ ရိုးရှင်းစွာ ပြောဆိုခဲ့သည်။

ဤသည်က အကြီးအကဲများ တွေးတောနေသည်နှင့် ကိုက်ညီပေသည်။

နင်းဖန်သည် လွန်ခဲ့သော နှစ်သန်းနှစ်ဆယ်က ပြိုင်ဘက်ကင်း ပါရမီရှင်ကဲ့သို့ သုံးရက်အတွင်း ရုပ်ခန္ဓာ ကိုယ်သန့်စင်ခြင်းကို ပြီးမြောက်နိုင်၊ မ

နိုင် မည်သူကမျှ မပြောနိုင်ချေ။

မည်သို့ပင်ဆိုစေ သေမျိုးခန္ဓာကိုယ်တစ်ခုတွင် အထူးရုပ်ခန္ဓာကိုယ်၏ အထူး မြှင့်တင်မှုများ မရှိရာ အမြန် နှုန်း နှေးကွေးခြင်းမှာ ပုံမှန်ပင် ဖြစ်၏။

ထို့ပြင် သူ၏ နားလည်နိုင်စွမ်းကိုလည်း မသိရသေးချေ။ မျှော်လင့်ချက်များကို အလွန်အမင်း မြင့်မားစွာ မထားသင့်ပေ။ သို့သော် ဆယ်ရက်ဆိုလျှင်တော့ လုံလောက်ပေသည်။

ထိုသို့ဆိုလျှင်ပင် သမိုင်း၏ ထိပ်တန်း အယောက်တစ်ရာစာရင်းတွင် ပါဝင်မည်ဖြစ်ပြီး ၎င်းမှာ အလွန် အံ့မခန်း ဖြစ်နေပြီ ဖြစ်၏။

ရှီယိုဝေက သူ၏ မှတ်ဆိတ်မွေးများကို ပွတ်သပ်ကာ လေးစားစွာ သက်ပြင်းချလိုက်ပြီး ပြော

လိုက်၏။

"ငါတို့ရဲ့ ဘိုးဘေးက ငါတို့ကို တကယ် စောင့်ရှောက်တာပဲ...။ နင်းဖန်လို ထူးချွန်တဲ့ တပည့်တစ်ယောက် ရလိုက်လို့ ငါတို့ဂိုဏ်းက ပို ပြီး စည်ပင်လာတော့မှာပဲ...။"

အခြားအကြီးအကဲများကလည်း သူ့စကားကို ထောက်ခံလိုက်ကြ၏။ စကားလုံးတိုင်းက နင်း ဖန်ကို ချီးမွမ်းနေကြသည်။

ယွီရှုရှမ်း၏ နှုတ်ခမ်းများတွင် အပြုံးတစ်ခု ကွေးတက်သွားကာ ပြောလိုက်၏။

"ဒီကောင်လေးက အံ့သြစရာတွေချည်းပဲ...။ ။ ငါတောင် သူ့အကွက်ထဲ ရောက်သွားတယ်...။"

ကောင်းကင် နိမိတ်လက္ခဏာများ မပေါ်လာမီ က အခြေအနေ ပြောင်းပြန်ဖြစ်သွားနိုင်မည်ဟု

မည်သူကမျှ မထင်ခဲ့ကြချေ။

သို့သော် ပြောင်းပြန်ဖြစ်သွားခဲ့၏။

ခေတ်အဆက်ဆက် မတွေ့ခဲ့ရသော ဤအသန်မာဆုံး သေမျိုးခန္ဓာကိုယ်သည် သာမန်အသိတရားကို အမှန်တကယ် ဆန့်ကျင်နေပေသည်။ ယွီရှုရှမ်းသည် ယခုအခါ နင်းဖန်ကို ပို၍ပင် လေးစားလာခဲ့၏။

သူ့အား ကိုယ်ပိုင်တပည့်အဖြစ် လက်ခံလိုသော သူမ၏ ဆန္ဒသည် ပိုမို အားကောင်းလာခဲ့သည်။ သူမ သည်လည်း သိချင်နေခဲ့၏။ ဤသေမျိုးခန္ဓာကိုယ်ပိုင်ရှင် ပါရမီရှင်သည် ရုပ်ခန္ဓာကိုယ်သန့်စင်ခြင်းကို ဝင်ရောက်ရန် ရက်မည်မျှ ကြာနိုင်မည်နည်း။

အောက်ဘက်တွင်...၊

နင်းဖန်သည် သူ၏ လှုပ်ရှားမှုတိုင်းက ဉာဏ်မျှ အာရုံစိုက်ခံနေရကြောင်းကို လုံးဝ မသိသေးချေ။ ဗလာ ကျင်းနေပုံရသော ဂိုဏ်းအတွင်း နစ်မြုပ်နေလျက် သူသည် ကိုယ့်ကိုယ်ကိုယ် မေ့လျော့ကာ ကျင့်ကြံနေ ခဲ့ပြီး သူ၏ စိတ်ဝိညာဉ်ဆန်ကို စားရန်ပင် မေ့နေခဲ့၏။

ကောင်းကင်နှင့်မြေကြီး စိတ်ဝိညာဉ်ချီ အမျှင်တန်းများသည် သူ၏ ခန္ဓာကိုယ်အတွင်းသို့ ဆွဲယူခံရပြီး အကန့် အသတ်မဲ့ တာအိုကျမ်းစာ၏ လမ်းကြောင်းအတိုင်း လည်ပတ်ကာ သွေးကြောများနှင့် အသား များကို သန့်စင်ပေးနေခဲ့သည်။

ထိုစိတ်ဝိညာဉ်ချီကို တာအိုမှ ဆင်းသက်လာသော အသက်ရှူမှုအဖြစ် ပြောင်းလဲရန် ယခုအချိန်တွင် သူသည် အလွန် အားနည်းနေ

သေး၏။ သို့သော် စိတ်ဝိညာဉ်ချီသည် လုံလောက်ပေသည်...။ သူသည် သာမန် သေမျိုး တစ်ဦးသာ ဖြစ်နေသေးသည်။

တစ်ကြိမ်ပြီးတစ်ကြိမ် သူ လေ့ကျင့်နေခဲ့ပြီး ရုပ်ခန္ဓာကိုယ်သန့်စင်ခြင်းအပေါ် သူ၏ နားလည်မှုမှာ ပိုမို ကျွမ်းကျင်လာခဲ့၏။

အမှန်တကယ်တော့ ပဋ္ဌမအကြိမ်မြောက် လည်ပတ်မှုတွင် အသက်ရှူခြင်း သို့မဟုတ် လမ်းကြောင်းကို တမင် ထိန်းချုပ်ရန် သူ မလိုအပ်တော့ချေ။ ဤသည်မှာ ပုံမှန်ပင် ဖြစ်သည်။ စနစ်က သူ၏ အလုံးစုံသော ပါရမီကို အဆတစ်သောင်း မြှင့်တင်ပေးထားခဲ့သည်ပင် မဟုတ်ပါလား။

ပါရမီတွင် သဘာဝကျစွာပင် နားလည်နိုင်စွမ်း

လည်း ပါဝင်ပေသည်။ ထို့ကြောင့် နင်းဖန်သည် အရာ အားလုံးကို လျင်မြန်စွာ သင်ယူနိုင်ခဲ့၏။ အကန့်အသတ်မဲ့ တာအိုကျမ်းစာကဲ့သို့ အမြင့်ဆုံး အနုပညာ တစ်ခုပင်လျှင် သူ၏ လက်ထဲတွင် အားစိုက်ထုတ်စရာ မလိုသကဲ့သို့ ဖြစ်နေခဲ့သည်။

အချိန်များ တရွေ့ရွေ့ ကုန်လွန်သွား၏။

အပြင်ဘက် ကောင်းကင်သည် နက်မှောင်သော အနက်ရောင်မှ နံနက်အရုဏ်ဦး၏ ပထမဆုံး မီးခိုး ရောင်ဖျော့ဖျော့သို့ ပြောင်းလဲသွားခဲ့ပြီး တစ်ညတာသည် ကုန်လွန်သွားခဲ့ပြီ ဖြစ်သည်။

နင်းဖန်သည် နံနက်ခင်း စိတ်ဝိညာဉ်ချီ၏ ပထမဆုံး အသက်ရှူမှုကို ရှူသွင်းလိုက်သည်နှင့် သူ၏ ကျယ် ပြန့်သော ကိုယ်နေဟန်ထားသည် ရုတ်တရက် ကျုံ့ဝင်သွားခဲ့၏။

[ဒင်...။ ရုပ်ခန္ဓာကိုယ်သန့်စင်ခြင်းအဆင့်ကို ရောက်ရှိသွားပါပြီပိုင်ရှင်။ လမ်းညွှန်တာဝန် ပြီးဆုံး ပါပြီ...။]

[ဆုလာဘ်- သိုင်းနည်းစနစ် အောင်မြင်မှု အသေးစား လက်မှတ် ×၁...။]

လုပ်ရှားမှု ပြီးဆုံးသွားသည့် အခိုက်အတန့်တွင် စနစ်၏ အသံက သူ၏ စိတ်ထဲတွင် မြည်ဟည်း သွားခဲ့၏။

တစ်ချိန်တည်းမှာပင် သူ၏ ခန္ဓာကိုယ်သည် ပြောင်းလဲသွားခဲ့သည်။ အတွင်း၌ သွေးများ ဆူပွက်လာပြီး ကြွက်သားများ ဖောင်းထွက်လာ ကာ အရွတ်များက နဂါးများကဲ့သို့ လိမ်ယှက်နေ ပြီး သူ၏ နှလုံးခုန် သံသည် မိုးခြိမ်းသံကဲ့သို့ မြည် ဟီးနေခဲ့၏။

ထိုအရာမှာ ရုပ်ခန္ဓာကိုယ်သန့်စင်ခြင်းသို့ ဝင်ရောက်သွားခြင်း၏ ထင်ရှားသော လက္ခဏာပင် ဖြစ်သည်။

***